# [ဘာသာပြန်ချက်] ကာလစည်းကမ်းသတ် အက်ဥပဒေ

[ ၀၁.၀၁.၁၉၀၉ ] [ ၀၁.၀၁.၁၉၀၉ ] [ [၁၉၀၈ ခုနှစ်၊ အိန္ဒိယအက်ဥပဒေအမှတ် ၉] ]

**ကာလစည်းကမ်းသတ် အက်ဥပဒေ**

**[၁၉၀၈ ခုနှစ်၊ အိန္ဒိယအက်ဥပဒေအမှတ် ၉]**

**(၁၉၀၉ ခုနှစ်၊ ဇန်နဝါရီလ၊ ၁ ရက်)**

## အပိုင်း ၁

## နိဒါန်း

**အာဏာသက်ရောက်ခြင်း**

၁။ ဤအက်ဥပဒေသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တစ်ဝန်းလုံးတွင် အာဏာ သက်ရောက် စေရမည်။

**အဓိပ္ပာယ် ဖော်ပြချက်များ**

၂။ ဤအက်ဥပဒေတွင် အကြောင်းအရာနှင့် ဖြစ်စေ၊ ရှေ့နောက်စကားရပ်တို့၏ အဓိပ္ပာယ်နှင့် ဖြစ်စေ မဆန့်ကျင်လျှင်-

(၁) "**လျှောက်ထားသူ**"ဆိုရာတွင် ၎င်းကိုယ်တိုင်က ဖြစ်စေ၊ ၎င်းမှတစ်ဆင့် ဖြစ်စေ လျှောက်ထားသူ၏ လျှောက်ထားနိုင်သည့်အခွင့်အရေး ဖြစ်ပေါ်စေသူ မည်သူ မဆိုပါဝင်သည်။

(၂) "**ငွေလွှဲစာချုပ်**"ဆိုရာတွင် ဟွန်ဒီနှင့် ချက်လက်မှတ်တို့ပါဝင်သည်။

(၃) "**ခံဝန်ချုပ်**"ဆိုရာတွင် ကိစ္စရပ်အလိုက်သတ်မှတ်ထားသော ပြုလုပ်မှုတစ်ခုကို ဆောင်ရွက်လျှင် သို့မဟုတ် မဆောင်ရွက်လျှင် ချုပ်ဆိုထားသော ခံဝန်ပျက်ပြား ရမည်ဟူသော စည်းကမ်းချက်ဖြင့် တစ်ဦးတစ်ယောက်သောသူက သူတစ်ပါးအား ငွေပေးရန် ခံဝန်ပြုသော စာချုပ်ပါဝင်သည်။

(၄) "**တရားပြိုင်**"ဆိုရာတွင် ၎င်းကိုယ်တိုင်မှဖြစ်စေ၊ ၎င်းမှတစ်ဆင့် ဖြစ်စေတရားပြိုင်၏ တရား စွဲဆိုခြင်းခံရမည့်တာဝန် ဖြစ်ပေါ်စေသူ မည်သူမဆို ပါဝင်သည်။

(၅) "**သုံးစွဲခွင့်**"ဆိုရာတွင် ပဋိညာဉ်အရပေါ်ပေါက်လာသော အခွင့်အရေး မဟုတ်ဘဲ တစ်ဦး တစ်ယောက်သောသူက သူတစ်ပါးပိုင်သောမြေ တစ်စိတ်တစ်ဒေသကို ဖြစ်စေ၊ ထိုမြေတွင် ပေါက်နေသော သို့မဟုတ် စွဲကပ်နေသော သို့မဟုတ် တည်ရှိနေသောအရာကိုဖြစ်စေ ဖယ်ရှားရန်နှင့် မိမိအကျိုးအမြတ် အတွက် သုံးစွဲနိုင်သော အခွင့်အရေးတို့ပါဝင်သည်။

(၆) "**နိုင်ငံခြားတိုင်းပြည်**" ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် မှတစ်ပါး၊ အခြားနိုင်ငံ တစ်ခုခုကို ဆိုသည်။

(၇) "**သဘောရိုး**" ဆိုသည်မှာ ထိုက်သင့်သော သတိပြုခြင်းနှင့် အာရုံပြုခြင်းတို့ဖြင့် ပြုလုပ်ခြင်း မဟုတ်လျှင် သဘောရိုးဖြင့် ပြုလုပ်သည်ဟု မမှတ်ယူရ။

(၈) "**တရားလို**"ဆိုရာတွင် ၎င်းကိုယ်တိုင်မှ ဖြစ်စေ၊ ၎င်းမှတစ်ဆင့် ဖြစ်စေတရားလို၏ တရားစွဲဆိုနိုင်သည့်အခွင့်အရေး ဖြစ်ပေါ်စေသူ မည်သူမဆိုပါဝင်သည်။

(၉) "**ငွေပေးကတိစာချုပ်**"ဆိုသည်မှာ ချုပ်ဆိုသူက အတိအကျဖော်ပြထားသောငွေကို သူတစ်ပါးအား ကန့်သတ်ထားသည့် အချိန်တွင် ဖြစ်စေ၊ တောင်းဆိုသည့်အခါတွင် ဖြစ်စေ၊ ငွေပေးကတိ စာချုပ်မျက်မြင်တင်ပြသည့်အခါတွင် ဖြစ်စေ ပေးဆပ်ရန် ခြွင်းချက်မရှိ ဝန်ခံသော စာချုပ်ကို ဆိုသည်။

(၁၀) "**တရားမကြီးမှု**"ဆိုရာတွင် အယူခံမှု သော်လည်းကောင်း၊ လျှောက်ထားမှု သော်လည်းကောင်း မပါဝင်။ ထို့ပြင်-

(၁၁) "**ယုံကြည်အပ်နှံခြင်းခံရသူ**"ဆိုရာတွင် ပစ္စည်းအမည်ခံသူ သို့မဟုတ် အပေါင်ပစ္စည်း အတွက် ချေးငွေကို အပြေအကျေပေးဆပ်ပြီးနောက် အပေါင်ပစ္စည်းကိုဆက်လက်၍ လက်ဝယ်ထားသည့် အပေါင်ခံသူ သို့မဟုတ် ပိုင်ဆိုင်ခွင့်မရှိဘဲ ပစ္စည်းကို မတရား လက်ဝယ်ထားသူ မပါဝင်။

## အပိုင်း ၂

## တရားမကြီးမှု၊ အယူခံမှုနှင့် လျှောက်ထားမှုများအတွက် ကာလစည်းကမ်းသတ်

**စည်းကမ်းသတ်ကာလ ကုန်ဆုံးပြီးမှ စွဲဆိုတင်သွင်းသော တရားမကြီးမှု စသည်တို့ကို ပလပ်ခြင်း**

၃။ ပုဒ်မ ၄ မှ ပုဒ်မ ၂၅ (အပါအဝင်)တို့တွင် ပါရှိသော ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ ပထမဇယားတွင်ပြဋ္ဌာန်းထားသော စည်းကမ်းသတ်ကာလကုန်ဆုံးပြီးမှ စွဲဆိုသည့် တရားမကြီးမှု၊ တင်သွင်းသည့်အယူခံမှုနှင့် လျှောက်ထားမှုတို့ကို ကာလစည်းကမ်း သတ်မှတ်ချက်ကို အကြောင်းပြု၍ ချေပခြင်းမပြုစေကာမူ ပလပ်ရမည်။

**ရှင်းလင်းချက်။** မူလတရားမကြီးမှုများတွင် အဆိုလွှာကို သက်ဆိုင်ရာအရာရှိထံသို့ တင်သွင်းသောအခါ တရားမကြီးမှုစွဲဆိုခြင်းဖြစ်သည်။ လူမွဲမှုအတွက် လူမွဲအဖြစ် တရားစွဲဆိုခွင့်ပြုရန် လျှောက်လွှာတင်သွင်းသည့်အခါ တရားစွဲဆိုခြင်းမြောက်သည်။ ထို့ပြင် တရားရုံးအမိန့်ဖြင့် ဖျက်သိမ်းဆဲဖြစ်သော ကုမ္ပဏီအပေါ်တွင် တောင်းဆိုသည့်အမှုကိစ္စ၌ တောင်းဆိုသူက တရားဝင် စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိထံသို့ မိမိ၏ တောင်းဆိုချက်ကို ပထမတင်သွင်းသောအခါ တရားစွဲဆိုခြင်း မြောက်သည်။

**တရားရုံးပိတ်ရက်အတွင်း စည်းကမ်းသတ် ကာလကုန်ဆုံးခြင်း**

၄။ တရားရုံးပိတ်ရက်အတွင်းတွင် တရားမကြီးမှု ၊ အယူခံမှု သို့မဟုတ် လျှောက်ထားမှုတို့ အတွက် သတ်မှတ်ထားသော စည်းကမ်းသတ်ကာလ ကုန်ဆုံးသည့်ကိစ္စ၌ တရားမကြီးမှု သို့မဟုတ် အယူခံမှု သို့မဟုတ် လျှောက်ထားမှုကို တရားရုံးပြန်ဖွင့်သောနေ့တွင် စွဲဆိုခြင်း သို့မဟုတ် တင်သွင်းခြင်း သို့မဟုတ် လျှောက်ထားခြင်းပြုနိုင်သည်။

**အချို့အမှုများတွင် စည်းကမ်းသတ်ကာလ တိုးချဲ့ခြင်း**

၅။ အယူခံမှု သို့မဟုတ် စီရင်ချက်ကို ပြန်လည်သုံးသပ်ရန် သော်လည်းကောင်း၊ အယူခံ ဝင်ခွင့်ရရှိစေရန် သော်လည်းကောင်း ပြုလုပ်သော လျှောက်ထားမှုကို သို့မဟုတ် တည်ဆဲဥပဒေဖြင့် ဖြစ်စေ၊ တည်ဆဲဥပဒေအရ ဖြစ်စေ ဤပုဒ်မနှင့်သက်ဆိုင်စေနိုင်သည့် အခြားလျှောက်ထားမှုကို ပြဋ္ဌာန်းထားသည့် ကာလစည်းကမ်းသတ် ကုန်ဆုံးပြီးမှ တင်သွင်းသည့်ကိစ္စတွင် အယူခံသူက ဖြစ်စေ၊ လျှောက်ထားသူက ဖြစ်စေ စည်းကမ်းသတ်ကာလအတွင်းက အဘယ်ကြောင့် တင်သွင်းခြင်း မပြုခဲ့သည်ကို တရားရုံးက ကျေနပ်အောင် လုံလောက်သော အကြောင်းပြနိုင်လျှင် တရားရုံးသည် အဆိုပါ အယူခံမှုကို သော်လည်းကောင်း၊ လျှောက်ထားမှုကို သော်လည်းကောင်း လက်ခံနိုင်သည်။

**ရှင်းလင်းချက်။** ပြဋ္ဌာန်းထားသည့် စည်းကမ်းသတ်ကာလအမှန်ကို သိသာရန် စုံစမ်းသော အခါ၌ ဖြစ်စေ၊ ရေတွက်သောအခါ၌ ဖြစ်စေ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ တိုင်းဒေသကြီး တရား လွှတ်တော် သို့မဟုတ် ပြည်နယ်တရားလွှတ်တော် သို့မဟုတ် ခရိုင်တရားရုံး၏ အမိန့်ကြောင့် သော်လည်းကောင်း၊ ကျင့်စဉ်ကြောင့် သော်လည်းကောင်း၊ စီရင်ချက်ကြောင့် သော်လည်းကောင်း အယူခံသူ သို့မဟုတ် လျှောက်ထားသူက မှားယွင်းခြင်းသည် ဤပုဒ်မ၏ အဓိပ္ပာယ်အရ လုံလောက်သော အကြောင်းဖြစ်နိုင်သည်။

**ဥပဒေနှင့်အညီ မစွမ်းဆောင်နိုင်ခြင်း**

၆။ (၁) တရားမကြီးမှု စွဲဆိုခွင့်ရှိသူ သို့မဟုတ် ဒီကရီအတည်ပြုရန် လျှောက်ထားခွင့်ရှိသူသည် စည်းကမ်းသတ်ကာလကို စတင်ရေတွက်ရမည့်အချိန်၌ အရွယ်မရောက်သေးသူ ဖြစ်လျှင် သို့မဟုတ် ရူးသွပ်သူဖြစ်လျှင် သို့မဟုတ် ဝမ်းတွင်းရူးဖြစ်လျှင် ထိုသူ တစ်ဦးဦးသည် မိမိ၏ မစွမ်းဆောင်နိုင်မှု ရပ်စဲသည်မှစ၍ ပထမဇယား တတိယစာရင်း၌ ပြဋ္ဌာန်းထားသော ကာလအပိုင်းအခြား အတွင်းတွင် တရားမကြီးမှု စွဲဆိုခြင်းကိုသော်လည်းကောင်း၊ လျှောက်ထားခြင်းကိုသော်လည်းကောင်း ပြုနိုင်သည်။

(၂) အဆိုပါပုဂ္ဂိုလ်သည် စည်းကမ်းသတ်ကာလကို စတင်ရေတွက်ရမည့်အချိန်၌ ယင်းကဲ့သို့ မစွမ်းဆောင်နိုင်မှု နှစ်မျိုးကို ခံစားနေရလျှင်၊ သို့မဟုတ် မစွမ်းဆောင်နိုင်မှု တစ်မျိုးကို ခံစားရ၍ ထိုမစွမ်းဆောင်နိုင်မှု မရပ်စဲမီ အခြားတစ်မျိုးကို ခံစားရလျှင် မစွမ်းဆောင်နိုင်မှုနှစ်မျိုးစလုံး ရပ်စဲသည်မှစ၍ အဆိုပါ ပြဋ္ဌာန်းထားသည့် ကာလအပိုင်းအခြားအတွင်းတွင် တရားစွဲဆိုခြင်းကို သော် လည်းကောင်း၊ လျှောက်ထားခြင်းကိုသော်လည်းကောင်း ပြုနိုင်သည်။

(၃) အဆိုပါပုဂ္ဂိုလ်၏ မစွမ်းဆောင်နိုင်ခြင်းသည် ထိုသူသေဆုံးသည့်တိုင်အောင် ဆက်လက် ဖြစ်ပွားလျှင် ထိုသေသူ၏ တရားဝင်ကိုယ်စားလှယ်သည် ထိုသူ သေဆုံးသည့်နေ့မှစ၍ အဆိုပါ ပြဋ္ဌာန်းထားသည့် ကာလအပိုင်းအခြားအတွင်းတွင် တရားစွဲဆိုခြင်းကိုသော်လည်းကောင်း၊ လျှောက်ထားခြင်းကို သော်လည်းကောင်း ပြုနိုင်သည်။

(၄) အဆိုပါ တရားဝင်ကိုယ်စားလှယ်သည် ထိုသူ သေဆုံးသည့်နေ့တွင် ယင်းကဲ့သို့ မစွမ်းဆောင်နိုင်ခြင်း တစ်မျိုးမျိုးကို ခံစားရသည်ဖြစ်လျှင် ပုဒ်မခွဲ(၁)၊ ပုဒ်မခွဲ(၂)တို့၌ ပါရှိသောနည်းလမ်းများနှင့် သက်ဆိုင်စေရမည်။

**ဥပမာများ။**

(က) A သည် လေ့ဌားခရရန် တရားစွဲဆိုပိုင်ခွင့်ကို အရွယ်မရောက်မီ အချိန်တွင် ရရှိသည်။ A သည် ထိုသို့ တရားစွဲဆိုပိုင်ခွင့်ရရှိပြီးနောက် လေးနှစ်ကြာသည့်အခါ အရွယ်ရောက်သည်တွင် ထိုသို့ အရွယ်ရောက်သည့် နေ့ရက်မှစ၍ သုံးနှစ်အတွင်း မည်သည့်အချိန်၌ မဆို တရားစွဲဆိုနိုင်သည်။

(ခ) A သည် အရွယ်မရောက်မီ အချိန်တွင် တရားစွဲဆိုပိုင်ခွင့်ကို ရရှိသည်။ တရားစွဲဆိုပိုင်ခွင့် ရရှိပြီးနောက် Z သည် အရွယ်မရောက်မီ အချိန်အတွင်းတွင် ရူးသွပ်သွားပါက တရားစွဲဆိုနိုင်သည့် စည်းကမ်းသတ်ကာလကို Z ၏ အရွယ်မရောက်ခြင်းနှင့် ရူးသွပ်ခြင်းတို့ ရပ်စဲသည့်နေ့ရက်မှစတင်၍ ရေတွက်ရမည်။

(ဂ) A သည် အရွယ်မရောက်မီအချိန်တွင် တရားစွဲဆိုပိုင်ခွင့်ကို ရရှိသည်။ X သည် အရွယ်မရောက်မီ သေဆုံးသွားရာ အရွယ်မရောက်သေးသည့် သားဖြစ်သူ Y က အမွေဆက်ခံသည်တွင် တရားစွဲဆိုနိုင်သည့်စည်းကမ်းသတ်ကာလကို သားဖြစ်သူ Y အရွယ်ရောက်သည့်နေ့မှ စတင်၍ ရေတွက်ရမည်။

**တရားလို သို့မဟုတ် လျှောက်ထားသူများ အနက် တစ်ဦးဦး မစွမ်းဆောင်နိုင်ခြင်း**

၇။ တရားမကြီးမှုစွဲဆိုရန် သို့မဟုတ် ဒီကရီအတည်ပြုမှုလျှောက်ထားရန် ပူးတွဲလျှောက်ထားနိုင်ခွင့် ရှိသူများအနက် တစ်ဦးဦးသည် ဆိုခဲ့သော မစွမ်းဆောင်နိုင်ခြင်းကို ခံစားရ၍ ထိုမစွမ်းဆောင်နိုင်သူ၏ သဘောတူညီချက်မပါဘဲ ကြွေးမြီပေးဆပ်ခြင်းကို အပြေအကျေ လက်ခံနိုင်သည့်ကိစ္စတွင် စည်းကမ်းသတ်ကာလကို ၎င်းတို့အားလုံးအပေါ်ရေတွက်ရမည်။ သို့ရာတွင် ထိုသို့ ကြွေးမြီပေးဆပ်ခြင်းကို အပြေအကျေ လက်ခံခြင်း မပြုနိုင်သည့်ကိစ္စတွင် ထိုသူတို့အနက် တစ်ဦးဦးက အခြား သူများ၏ သဘောတူညီချက်မပါဘဲ ထိုသို့ ကြွေးမြီပေးဆပ်ခြင်းကို အပြေအကျေ လက်မခံနိုင်သမျှ ကာလပတ်လုံး သို့မဟုတ် မစွမ်းဆောင်နိုင်မှု မရပ်စဲသမျှ ကာလပတ်လုံး စည်းကမ်းသတ်ကာလကို ရေတွက်ခြင်းမပြုရ။

**ဥပမာများ။**

(က) အစုစပ်ဝင်များဖြစ်ကြသည့် B ၊ C ၊ D တို့ပါဝင်သော အစုစပ်လုပ်ငန်းသို့ A က ကြွေးမြီပေးဆပ်ရန်ရှိသည်။ B သည် ရူးသွပ်သူဖြစ်ပြီး C သည် အရွယ်မရောက်သူဖြစ်ရာ D သည် B နှင့် C တို့၏ သဘောတူညီချက်မပါဘဲ ကြွေးမြီပေးဆပ်သည်ကို အပြေအကျေ လက်ခံနိုင်သည်။ ဤတွင် B နှင့် C တို့ကို ရူးသွပ်ခြင်းမရှိသူ၊ အရွယ်ရောက်ပြီးသူတို့ ဖြစ်ဘိသကဲ့သို့မှတ်ယူ၍ စည်းကမ်းသတ်ကာလကို ရေတွက်ရမည်။

(ခ) အစုစပ်ဝင်များဖြစ်ကြသည့် E ၊ F ၊ G တို့ပါဝင်သော အစုစပ် လုပ်ငန်းသို့ A က ကြွေးမြီ ပေးဆပ်ရန်ရှိသည်။ E နှင့် F တို့မှာ ရူးသွပ်သူများဖြစ်ကြပြီး G မှာ အရွယ်မရောက်သူဖြစ်သည်။ ဤတွင် E ဖြစ်စေ၊ F ဖြစ်စေ ရူးသွပ်ခြင်း

မပျောက်သေးသမျှကာလပတ်လုံး သို့မဟုတ် G အရွယ်မရောက်သမျှ ကာလပတ်လုံး စည်းကမ်းသတ်ကာလကို ရေတွက်ခြင်းမပြုရ။

**အထူးခြွင်းချက်များ**

☐

၈။ ပုဒ်မ ၆ သို့မဟုတ် ပုဒ်မ ၇ တို့တွင်ပါရှိသည့် ပြဋ္ဌာန်းချက်များသည် ဦးစွာဝယ်ယူပိုင်ခွင့်ကို အတည်ပြုရန်ဖြစ်သော တရားမကြီးမှုများနှင့် သက်ဆိုင်ခြင်းမရှိစေရ။ ထို့ပြင် မစွမ်းဆောင်နိုင်မှု ရပ်စဲသည့်အခါမှစ၍ သို့မဟုတ် မစွမ်းဆောင်နိုင်သူ သေဆုံးသည့်အခါမှစ၍ တရားမကြီးမှုကို သော်လည်းကောင်း၊ လျှောက်ထားမှုကို သော်လည်းကောင်း စွဲဆိုတင်သွင်းရမည်ဖြစ်သော ကာလကို သုံးနှစ်ထက်ပို၍ တိုးပေးသည်ဟု ထိုပြဋ္ဌာန်းချက်များကို အကြောင်းပြု၍ မှတ်ယူခြင်းမပြုရ။

**ဥပမာများ။**

(က) A သည် သေတမ်းစာအရ ပေးကမ်းခြင်းအတွက် တရားစွဲဆိုပိုင်ခွင့်ကို အရွယ်မရောက်မီ ရရှိ၍ ထိုသို့ တရားစွဲဆိုပိုင်ခွင့်ရရှိပြီးနောက် ဆယ့်တစ်နှစ်ကြာမှ အရွယ်ရောက်သည်။ သာမန်အားဖြင့် A ၏ တရားစွဲဆိုပိုင်ခွင့်ကာလမှာ သာမန် ဥပဒေကြောင်းအရ တစ်နှစ်သာကျန်ရှိလေသည်။ သို့ရာတွင် ပုဒ်မ ၆ နှင့် ဤပုဒ်မတို့အရ A အား နှစ်နှစ်ဆက်၍ ခွင့်ပြုထားရာ A သည် အရွယ်ရောက်သော အချိန်မှစ၍ စုစုပေါင်း သုံးနှစ်အတွင်း တရားမကြီးမှု စွဲဆိုနိုင်သည်။

(ခ) A သည် ရူးသွပ်နေသည့်အချိန်အတွင်းတွင် ရိုးရာအလိုက် ဆက်ခံရမည့် ရာထူးအတွက် တရားစွဲဆိုပိုင်ခွင့်ကို ရရှိသည်။ ထိုသို့ တရားစွဲဆိုပိုင်ခွင့်ရရှိပြီးနောက် ခြောက်နှစ် ကုန်လွန်သောအခါမှ ရူးသွပ်ခြင်းရပ်စဲလေသည်။ သာမန် ဥပဒေကြောင်းအရ A သည် ရူးသွပ်ခြင်း ရပ်စဲသည့်နေ့မှစ၍ တရားစွဲဆိုနိုင်ရန် ခြောက်နှစ်ကျန်ရှိသည်။ အချိန်ကာလအပိုင်းအခြားကို ဤပုဒ်မနှင့် ယှဉ်တွဲဖတ်ရှုရမည့် ပုဒ်မ ၆ အရ တိုးမြှင့်ပေးခွင့်မရှိ။

(ဂ) မြေပုံထံမှ မြေကို ပြန်လည်ရရှိရန် မြေပိုင်ရှင်အဖြစ်ဖြင့် တရားစွဲဆိုပိုင်ခွင့်ကို ဝမ်းတွင်းရူးဖြစ်သူ A ရရှိသည်။ A မှာ သေဆုံးသည့်နေ့အထိ ဝမ်းတွင်းရူးဖြစ်လျက် တရားစွဲဆိုပိုင်ခွင့်ရရှိပြီးနောက် သုံးနှစ်ကြာသောအခါ သေဆုံးသည်။ သာမန် ဥပဒေကြောင်းအရ A ၏ အခွင့်ရ ကိုယ်စားလှယ်သည် A သေဆုံးသည့်နေ့ရက်မှ ကိုးနှစ်အတွင်း တရားစွဲဆိုခွင့် ရှိသည်။ ထိုသူသည် A အတွက် ကိုယ်စားပြုပိုင်ခွင့်ကို ရရှိစဉ်က မစွမ်းဆောင်နိုင်ခြင်းရှိသောအခါမှတစ်ပါး စည်းကမ်းသတ်ကာလကို ဤပုဒ်မနှင့် ယှဉ်တွဲဖတ်ရှုရမည့် ပုဒ်မ ၆ အရ တိုးမြှင့်ပေးခွင့်မရှိ။

**စည်းကမ်းသတ်ကာလကို အဆက်မပြတ် ရေတွက်ခြင်း**

☐

၉။ စည်းကမ်းသတ်ကာလကို စတင်ရေတွက်ရမည့် အချိန်ကျရောက်ပြီးနောက်မှ ပေါ်ပေါက်လာသော မည်သည့် တရားစွဲဆိုရန် မစွမ်းဆောင်နိုင်ခြင်း သော်လည်းကောင်း၊ တရားစွဲဆိုရန် မဖြစ်နိုင်ခြင်းသော်လည်းကောင်းကြောင့် စည်းကမ်းသတ်ကာလ ရေတွက်ခြင်းကို ရပ်စဲခြင်းမပြုရ။

သို့ရာတွင် သေဆုံးသူမြီရှင်၏ ပစ္စည်းများကို စီမံခန့်ခွဲစေရန်အလို့ငှာ ထိုသေဆုံးသူ၏မြီစားအား အမွေထိန်းစာပေးအပ်သည့်ကိစ္စ၌ ကြွေးမြီပြန်လည်ရရှိမှုအတွက် တရားမကြီးမှုစွဲဆိုရန် သတ်မှတ်ထားသော စည်းကမ်းသတ်ကာလ ရေတွက်ခြင်းကို အဆိုပါ ပစ္စည်းစီမံခန့်ခွဲလျက်ရှိနေသည့် ကာလအတွင်းတွင် ရပ်ဆိုင်းထားရမည်။

**အတိအလင်းယုံကြည်အပ်နှံခြင်း ခံရသူများနှင့်ထိုသူများ၏ ကိုယ်စားလှယ်များအပေါ် တရားမကြီးမှုစွဲဆိုမှုများ**

☐

၁၀။ ဤအက်ဥပဒေတွင် အထက်ပုဒ်မများ၌ မည်သို့ပင်ပါရှိစေကာမူ သတ်မှတ်ထားသော အကြောင်းကိစ္စတစ်ခုအတွက် ပစ္စည်းအပ်နှံခြင်းခံရသူအပေါ်တွင် ဖြစ်စေ၊ ထိုသူ၏ တရားဝင် ကိုယ်စားလှယ် သို့မဟုတ် ထိုသူ၏ အခွင့်အရေးကိုလွှဲအပ်ခြင်းခံရသူ၊ တန်ဖိုးရှိသော အဖိုးစားနားမပါဘဲ လွှဲအပ်ခြင်းခံရသူအပေါ်တွင် ဖြစ်စေ၊ အဆိုပါပစ္စည်းကိုသော်လည်းကောင်း၊ အဆိုပါပစ္စည်းကို အကြောင်းပြု၍ ရရှိသည့် အကျိုးအမြတ်ကိုသော်လည်းကောင်း

ရရှိစေရန်အလို့ငှာ သို့မဟုတ် အဆိုပါ ပစ္စည်းအတွက်သော်လည်းကောင်း အဆိုပါပစ္စည်းကို အကြောင်းပြု၍ ရရှိသည့် အကျိုးအမြတ်အတွက် သော်လည်းကောင်း စာရင်းရှင်း၍ ပေးအပ်စေရန်အလို့ငှာ စွဲဆိုသည့် တရားမကြီးမှုကို စည်းကမ်းသတ် ကာလကို အကြောင်းပြု၍ ပိတ်ပင်ခြင်း မရှိစေရ။

ဤပုဒ်မပါ ပြဋ္ဌာန်းချက်အလို့ငှာ ဟိန္ဒူဘာသာ သို့မဟုတ် မဟာမေဒင် ဘာသာ သို့မဟုတ် ဗုဒ္ဓဘာသာ၊ ဘာသာရေးဖြစ်စေ၊ ကုသိုလ်ရေးဖြစ်စေ ထောက်ပံ့ မှုကိုသော်လည်းကောင်း သတ်မှတ်ထားသည့် အကြောင်းကိစ္စတစ်ခုအတွက် ယုံကြည် အပ်နှံထားသည့်ပစ္စည်းဟု မှတ်ယူရမည်။ ထို့ပြင် ထိုပစ္စည်းကို စီမံခန့်ခွဲသူအား ထိုပစ္စည်းအတွက် ယုံကြည်အပ်နှံခြင်းခံရသူဟု မှတ်ယူရမည်။

**နိုင်ငံခြားပဋိညာဉ် စာချုပ်များအပေါ်တွင် တရားမကြီးမှုစွဲဆိုမှုများ**

၁၁။ (၁) နိုင်ငံခြားပဋိညာဉ်စာချုပ်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အတွင်း စွဲဆိုသည့်တရားမကြီးမှုများသည် ဤအက်ဥပဒေပါ ကာလ စည်းကမ်းသတ်ဆိုင်ရာ နည်းလမ်းများနှင့် သက်ဆိုင်စေရမည်။

(၂) နိုင်ငံခြား ကာလစည်းကမ်းသတ်ဆိုင်ရာနည်းလမ်းကြောင့် နိုင်ငံခြားတိုင်းပြည်၌ ချုပ်ဆိုသော ပဋိညာဉ်စာချုပ် ပျက်ပြယ်ပြီးမဟုတ်သည့်အပြင် အဆိုပါနည်းလမ်းအရ ပြဋ္ဌာန်းထားသည့် ကာလအပိုင်းအခြားအတွင်း ပဋိညာဉ်စာချုပ်ဝင် နှစ်ဦး နှစ်ဖက်တို့သည် အဆိုပါ တိုင်းပြည်၌ အခြေစိုက်နေထိုင်ခဲ့သူများမဟုတ်လျှင် နိုင်ငံခြားတိုင်းပြည်၌ ချုပ်ဆိုသော ပဋိညာဉ်စာချုပ်နှင့်စပ်လျဉ်း၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း စွဲဆိုသော တရားမကြီးမှုတွင် မည်သည့်နိုင်ငံခြား ကာလစည်းကမ်းသတ်နည်းလမ်းနှင့်မျှ ခုခံချေပနိုင်ခွင့်မရှိစေရ။

## အပိုင်း ၃

## စည်းကမ်းသတ်ကာလကို ရေတွက်ခြင်း

**တရားမှုခင်း ဆောင်ရွက်ရာတွင် အချိန်ကာလ ထုတ်ပယ်ခြင်း**

၁၂။ (၁) တရားမကြီးမှု၊ အယူခံမှု သို့မဟုတ် လျှောက်ထားမှုအတွက် သတ်မှတ်ထားသော ကာလ အပိုင်းအခြားကို ရေတွက်ရာတွင် စတင်ရေတွက်သည့်နေ့ရက်ကို ထုတ်ပယ် ရမည်။

(၂) အယူခံမှုအတွက် သော်လည်းကောင်း၊ အယူခံခွင့်ရရန် လျှောက်ထားမှုအတွက် သော်လည်းကောင်း၊ စီရင်ချက်ကို ပြန်လည်သုံးသပ်ရန် လျှောက်ထားမှုအတွက် သော်လည်းကောင်း သတ်မှတ်ထားသည့် စည်းကမ်းသတ်ကာလကို ရေတွက်ရာတွင် အဆိုပါလျှောက်ထားမှု တစ်ခုခုအတွက် စီရင်ချက် ချမှတ်သည့် နေ့ရက်ကို သော်လည်းကောင်း၊ အယူခံဝင်သော သို့မဟုတ် ပြန်လည်သုံးသပ် စေလိုသော ဒီကရီ သို့မဟုတ် ပြစ်ဒဏ်စီရင်ချက် သို့မဟုတ် အမိန့်၏ မိတ္တူရရှိရေးအတွက် လိုအပ်သော အချိန်ကာလကို သော်လည်းကောင်း ထုတ်ပယ်ရမည်။

(၃) ဒီကရီကို အယူခံဝင်သည့်အခါ၌ သို့မဟုတ် ပြန်လည်သုံးသပ်စေရန် လျှောက်ထားသည့်အခါ၌ အဆိုပါ ဒီကရီချမှတ်သည့် စီရင်ချက်၏ မိတ္တူရရှိရေးအတွက် လိုအပ်သော အချိန်ကာလကိုလည်း ထုတ်ပယ်ရမည်။

(၄) အနုညာတခုံသမာဓိတို့၏ ဆုံးဖြတ်ချက်ကို ပယ်ဖျက်ရန် လျှောက်ထားမှုအတွက် သတ်မှတ်ထားသည့် စည်းကမ်းသတ်ကာလကို ရေတွက်ရာတွင် အဆိုပါ ဆုံးဖြတ်ချက်၏ မိတ္တူရရှိရေးအတွက် လိုအပ်သော အချိန်ကာလကို ထုတ်ပယ်ရမည်။

**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတွင် တရားပြိုင်မရှိသည့် အချိန်ကာလကို ထုတ်ပယ်ခြင်း**

၁၃။ မည်သည့် တရားမကြီးမှုအတွက်မဆို သတ်မှတ်ထားသော စည်းကမ်းသတ်ကာလကို ရေတွက်ရာတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတွင် တရားပြိုင်မရှိသည့် အချိန် ကာလကို ထုတ်ပယ်ရမည်။

**စီရင်ပိုင်ခွင့်အာဏာမရှိသည့် တရားရုံးတွင်သဘောရိုးဖြင့် စွဲဆိုခဲ့သည့်အချိန်ကာလကို ထုတ်ပယ်ခြင်း**

၁၄။ (၁) အချင်းဖြစ်အကြောင်းအရာ တစ်ခုအတွက် တရားစွဲဆိုသော တရားမကြီးမှုဆိုင်ရာ ပြဋ္ဌာန်းထားသည့် စည်းကမ်းသတ်ကာလကို ရေတွက်ရာတွင် တရားလိုသည် တရားပြိုင်အပေါ်၌ ဝီရိယစိုက်ထုတ်သင့်သည့်အလျောက် စိုက်ထုတ်ကာ ထိုအချင်းဖြစ် အကြောင်းအရာအတွက် ယခင်အခါက မူလတရားရုံး၌ သော်လည်းကောင်း၊ အယူခံတရားရုံး၌သော်လည်းကောင်း သဘောရိုးဖြင့် တရားမကြောင်း စွဲဆိုဆောင်ရွက်ခဲ့၍ အဆိုပါ တရားရုံးတစ်ခုခုကလည်း စီရင်ပိုင်ခွင့် အာဏာ မရှိခြင်းကြောင့်ဖြစ်စေ၊ အခြားအလားတူ သဘောရှိသော အကြောင်းကြောင့်ဖြစ်စေ အဆိုပါ စွဲဆိုသောအမှုကို လက်မခံနိုင်သည့်ကိစ္စ၌ တရားလိုသည် စီရင်ပိုင်ခွင့်အာဏာရှိသော တရားရုံးတစ်ခုတွင် တရားဘက်အမှုသည်အပေါ်၌ ယခင်အချင်းဖြစ် အကြောင်းအရာအတွက် ထပ်မံစွဲဆို ဆောင်ရွက်လျှင် ယခင်တရားရုံး၌ ကုန်လွန်ခဲ့သော အချိန်ကာလကို ထည့်သွင်းရေတွက်ခြင်း မပြုဘဲ ထုတ်ပယ်ရမည်။

(၂) သက်သာခွင့်တစ်ခုအတွက် တရားစွဲဆိုသော လျှောက်ထားမှုဆိုင်ရာ ပြဋ္ဌာန်းထားသည့် စည်းကမ်းသတ်ကာလကို ရေတွက်ရာတွင် လျှောက်ထားသူသည် တရားဘက်အမှုသည်အပေါ်၌ ဝီရိယစိုက်ထုတ်သင့်သည့်အလျောက် စိုက်ထုတ်ကာ ထိုသက်သာခွင့်အတွက် ယခင်အခါက မူလတရားရုံး၌ သော်လည်းကောင်း၊ အယူခံတရားရုံး၌ သော်လည်းကောင်း သဘောရိုးဖြင့် တရားမကြောင်း စွဲဆိုဆောင်ရွက်ခဲ့၍ အဆိုပါ တရားရုံးတစ်ခုခုကလည်း စီရင်ပိုင်ခွင့်အာဏာ မရှိခြင်းကြောင့်ဖြစ်စေ၊ အခြားအလားတူသဘောရှိသော အကြောင်းကြောင့် ဖြစ်စေ အဆိုပါစွဲဆိုသော လျှောက်ထားမှုကို လက်မခံနိုင်သည့်ကိစ္စ၌ လျှောက်ထားသူသည် တရားဘက် အမှုသည်အပေါ်၌ ယခင်က သက်သာခွင့်အတွက် ထပ်မံစွဲဆို လျှောက်ထားလျှင် ယခင်တရားရုံး၌ကုန်လွန်ခဲ့သော အချိန်ကာလကို ထည့်သွင်းရေတွက်ခြင်း မပြုဘဲ ထုတ်ပယ်ရမည်။

**ရှင်းလင်းချက် ၁။** ယခင်စွဲဆိုခဲ့သော တရားမကြီးမှု သို့မဟုတ် လျှောက်ထားမှုကို ဆိုင်းငံ့ထားခဲ့သည့် အချိန်ကာလကို ထုတ်ပယ်ရာတွင် အဆိုပါ တရားမကြီးမှု သို့မဟုတ် လျှောက်ထားမှုတစ်ခုခုကို စွဲဆိုလျှောက်ထားခဲ့သော နေ့နှင့် အဆိုပါအမှု၌ စွဲဆိုမှုများ ပြီးဆုံးခဲ့သောနေ့ ထိုနှစ်ရက်လုံး အပါအဝင် ရေတွက်ရမည်။

**ရှင်းလင်းချက် ၂။** ဤပုဒ်မအလို့ငှာ၊ အယူခံမှုကို ခုခံချေပသော တရားလို သို့မဟုတ် လျှောက်ထားသူ သည် တရားမကြောင်းစွဲဆိုဆောင်ရွက်ခဲ့သည်ဟု မှတ်ယူရမည်။

**ရှင်းလင်းချက် ၃။** ဤပုဒ်မအလို့ငှာ၊ မတွဲသင့်သော အမှုသည်များကို ပူးတွဲ စွဲဆိုခြင်း သို့မဟုတ် မတွဲသင့်သော အမှုဖြစ်အကြောင်းခြင်းရာများကို ပူးတွဲစွဲဆိုခြင်း သည် စီရင်ပိုင်ခွင့် အာဏာမရှိခြင်းနှင့် အလားတူသဘောသဘာဝရှိသည်ဟု မှတ်ယူရမည်။

**တရားမှုခင်းဆောင်ရွက်ခြင်း ဆိုင်းငံ့ထားသည့်အချိန်ကာလကို ထုတ်ပယ်ခြင်း**

၁၅။ (၁) မည်သည့် တရားမကြီးမှု သို့မဟုတ် ဒီကရီအတည်ပြုစေရန် လျှောက်ထားမှု အတွက်မဆို သတ်မှတ်ထားသည့် စည်းကမ်းသတ်ကာလကို ရေတွက်ရာတွင် တရားစွဲဆိုခြင်း သို့မဟုတ် ဒီကရီအတည်ပြုခြင်းကို တားဝရမ်းဖြင့် ဖြစ်စေ၊ အမိန့်ဖြင့်ဖြစ်စေ ဆိုင်းငံ့ထားသောအခါ တားဝရမ်း သို့မဟုတ် အမိန့် ဆက်လက် တည်ရှိနေသော အချိန်ကာလ၊ တားဝရမ်း သို့မဟုတ် အမိန့်ကို ထုတ်ဆင့်သည့်နေ့နှင့် ရုပ်သိမ်းသည့်နေ့ ထိုနှစ်ရက်အပါအဝင် ကြာမြင့်သောအချိန်ကာလကို ထုတ်ပယ် ရမည်။

(၂) တည်ဆဲဖြစ်သော ပြဋ္ဌာန်းထားသည့်ဥပဒေ၏ လိုအပ်သောအချက်များနှင့်အညီ နို့တစ်စာ ပေးထားပြီးဖြစ်သည့် မည်သည့်တရားမကြီးမှုအတွက်မဆို သတ်မှတ် ထားသော စည်းကမ်းသတ် ကာလကို ရေတွက်ရာတွင် အဆိုပါ နို့တစ်စာအတွက် သတ်မှတ်ထားသော အချိန်ကာလကို ထုတ်ပယ်ရမည်။

**ဒီကရီအတည်ပြု၍ ရောင်းချခြင်းကို ပယ်ဖျက်ရန်တရားမမှုခင်း ဆောင်ရွက်ခြင်း မပြီးပြတ်သည့်အချိန်ကာလကို ထုတ်ပယ်ခြင်း**

၁၆။ ဒီကရီအတည်ပြု၍ ရောင်းချရာ၌ ဝယ်ယူသူက လက်ရောက်ရလိုကြောင်း စွဲဆိုသော တရားမကြီးမှုအတွက်သတ်မှတ်ထားသည့် စည်းကမ်းသတ်ကာလကို ရေတွက်ရာတွင် ရောင်းချခြင်းကိုပယ်ဖျက်ရန် တရားမှုခင်းဆောင်ရွက်သည့်အချိန်ကာလကို ထုတ်ပယ်ရမည်။

**တရားစွဲဆိုပိုင်ခွင့်မရမီ သေဆုံးခြင်း၏အကျိုးသက်ရောက်ခြင်း**

၁၇။ (၁) အသက်ရှင်နေစဉ် တရားမကြီးမှုစွဲဆိုပိုင်ခွင့်သို့မဟုတ် လျှောက်ထားမှု ပြုလုပ် ပိုင်ခွင့်ရှိသူ တစ်ဦးဦးသည် ယင်းတရားစွဲဆိုပိုင်ခွင့်မရမီ သေဆုံးသွားသည့်ကိစ္စတွင် စည်းကမ်းသတ်ကာလသည် အဆိုပါတရားမကြီးမှုစွဲဆိုပိုင်ခွင့် သို့မဟုတ် လျှောက်ထားမှုပြုလုပ်ပိုင်ခွင့်ရှိသော စွဲဆိုလျှောက်ထားပိုင်ခွင့်ရှိသော သေဆုံးသူ၏ တရားဝင်ကိုယ်စားလှယ်ရှိလာသည့်အချိန်ကာလမှစ၍ ရေတွက်ရမည်။

(၂) အသက်ရှင်နေစဉ် တစ်ဦးတစ်ယောက်သောသူက တရားမကြီးမှု စွဲဆိုပိုင်ခွင့် သို့မဟုတ် လျှောက်ထားမှု ပြုလုပ်ပိုင်ခွင့်ရှိသော သူတစ်ဦးဦးသေဆုံးပြီးနောက်မှ အဆိုပါ အခွင့်အရေး ဖြစ်ပေါ်လာသော ကိစ္စတွင် စည်းကမ်းသတ်ကာလသည် အဆိုပါ တရားမကြီးမှု သို့မဟုတ် လျှောက်ထားမှု စွဲဆိုလျှောက်ထားနိုင်သော တရားလို၏ စွဲဆိုခြင်းခံထိုက်သော သေဆုံးသူ၏ တရားဝင် ကိုယ်စားလှယ်ရှိလာသည့်အချိန် ကာလမှစ၍ ရေတွက်ရမည်။

(၃) ပုဒ်မခွဲ (၁) နှင့် (၂) တို့တွင် ပါရှိသော ပြဋ္ဌာန်းချက်များသည် ဦးစွာဝယ်ယူပိုင်ခွင့်ကို အတည်ပြုရန် ဖြစ်သော တရားမကြီးမှုများကို သော်လည်းကောင်း၊ မရွှေ့မပြောင်း နိုင်သည့်ပစ္စည်းကို လက်ရောက် ရလိုကြောင်း စွဲဆိုသော တရားမကြီးမှုများကို သော်လည်းကောင်း၊ ရိုးရာအလျောက် ရာထူးဌာနန္တရကို လက်ရှိရရန်စွဲဆိုသော တရားမကြီးမှုများကို သော်လည်းကောင်း သက်ဆိုင်ခြင်းမရှိစေရ။

**လိမ်လည်လှည့်ဖြားမှု၏ အကျိုးသက်ရောက်ခြင်း**

၁၈။ တရားမကြီးမှုစွဲဆိုခွင့်ကိုဖြစ်စေ၊ လျှောက်ထားမှုပြုခွင့်ကိုဖြစ်စေ ရရှိသူအား ထိုအခွင့်အရေး ရရှိကြောင်းကို သို့မဟုတ် မည်သည့်ကိုအခြေပြု၍ ထိုအခွင့်အရေး ရထိုက်ခွင့် ရှိကြောင်းကို ထိုသူမသိစေရန် လိမ်လည်လှည့်ဖြား၍ထိမ်ချန်ထားလျှင် သို့မဟုတ် အဆိုပါအခွင့်အရေးရှိကြောင်း ထင်ရှားအောင်ဖော်ပြရန်လိုအပ်သည့် စာတမ်းအမှတ် အသား တစ်စုံတစ်ရာကို ထိုသူမသိစေရန် လိမ်လည်လှည့်ဖြား၍ ထိမ်ချန်ထားလျှင်-

(က) ထိုသို့လိမ်လည်လှည့်ဖြားမှုအတွက် အပြစ်ရှိသူအပေါ်၌ သို့မဟုတ် ထိုသို့ လိမ်လည်လှည့်ဖြားရာတွင်ပါဝင်သူအပေါ်၌သော်လည်းကောင်း၊

(ခ) အဆိုပါလိမ်လည်လှည့်ဖြားမှုအတွက် အပြစ်ရှိသူမှတစ်ဆင့် သို့မဟုတ် အဆိုပါ လိမ်လည် လှည့်ဖြားရာတွင် ပါဝင်သူမှတစ်ဆင့် တန်ဖိုးရှိသော အဖိုးစားနားအတွက် မဟုတ်ဘဲ လည်းကောင်း၊ ရိုးဖြောင့်သောသဘောနှင့်မဟုတ်ဘဲ လည်းကောင်း အခြားနည်းတောင်းဆိုသူအပေါ်၌ သော် လည်းကောင်း၊

- တရားစွဲဆိုရန်ဖြစ်စေ၊ လျှောက်ထားရန်ဖြစ်စေ သတ်မှတ်ထားသည့် စည်းကမ်းသတ် ကာလကို လိမ်လည်လှည့်ဖြားခြင်းခံရသောကြောင့် ထိခိုက်နစ်နာသူက ထိုသို့ လိမ်လည်လှည့်ဖြားခံရသည်ကို စတင်သိရှိသည့်အချိန်မှစ၍ ရေတွက်ရမည် သို့မဟုတ် ထိမ်ချန်ထားသည့် စာတမ်းအမှတ်အသား ကိစ္စတွင် ယင်းစာတမ်းအမှတ် အသားကို စတင်တင်ပြနိုင်သည့်အချိန်မှဖြစ်စေ၊ ထို့သို့တင်ပြစေရန် အတင်းအကြပ် ပြုလုပ်နိုင်သည့်အချိန်မှဖြစ်စေ စတင်ရေတွက်ရမည်။

**စာဖြင့်ရေးသားသော ဝန်ခံချက်၏အကျိုး သက်ရောက်ခြင်း**

၁၉။ (၁) မည်သည့်ပစ္စည်း သို့မဟုတ် အခွင့်အရေးနှင့်မဆိုစပ်လျဉ်းသော တရားမကြီးမှု စွဲဆိုရန် သို့မဟုတ် လျှောက်ထားမှုပြုရန်သတ်မှတ်ထားသည့်ကာလ အပိုင်းအခြား မကုန်ဆုံးမီ အဆိုပါ ပစ္စည်း သို့မဟုတ် အခွင့်အရေးကို

တောင်းဆိုခြင်း ခံရသူက ဖြစ်စေ၊ ထိုကဲ့သို့ တောင်းဆိုခြင်း ခံရသူအပေါ် ပိုင်ဆိုင်ခွင့်ကို လည်းကောင်း၊ တာဝန်ရှိခြင်းကိုလည်းကောင်း ဖြစ်ပေါ်စေသော အခြားသူကဖြစ်စေ အဆိုပါ ပစ္စည်း သို့မဟုတ် အခွင့်အရေးနှင့် စပ်လျဉ်း၍ တာဝန်ရှိကြောင်း လက်မှတ်ရေးထိုး၍ ဝန်ခံချက်ပြုသည့်ကိစ္စတွင် ဝန်ခံချက်ကို ထိုသို့ လက်မှတ်ရေးထိုးသည့် အချိန်မှစ၍ စည်းကမ်းသတ် ကာလ အသစ်ကို စတင်ရေတွက်ရမည်။

(၂) ဝန်ခံချက်ပါသော အရေးအသားတွင် ရက်စွဲတပ်ထားခြင်းမရှိလျှင် လက်မှတ်ရေးထိုး ခဲ့သော အချိန်ကာလနှင့်စပ်လျဉ်းသည့် နှုတ်သက်သေခံချက် ပေးနိုင်သည်။ သို့ရာတွင် သက်သေခံ အက်ဥပဒေပါ ပြဋ္ဌာန်းချက်များကို အထောက်အထားပြု၍ ထိုဝန်ခံချက်တွင် ပါရှိသော အကြောင်းအရာများနှင့် စပ်လျဉ်းသည့် နှုတ်သက်သေခံချက် တင်ပြခြင်းကို လက်ခံခြင်း မပြုရ။

**ရှင်းလင်းချက် (၁)။** ဝန်ခံချက်တွင် ပစ္စည်း သို့မဟုတ် အခွင့်အရေးနှင့် စပ်လျဉ်း သည့်တိကျသော သဘောသဘာဝကို ဖော်ပြရန်ပျက်ကွက်သည် သို့မဟုတ် အဆိုပါ ဝန်ခံချက်တွင် ပေးချေခြင်း၊ ပေးအပ်ခြင်း၊ ဆောင်ရွက်ခြင်း၊ အကျိုးခံစားခြင်း တစ်ခုခုအတွက် အချိန်မကျရောက်သေးဟု အခိုင်အမာဖော်ပြထားသည် သို့မဟုတ် အဆိုပါဝန်ခံချက်တွင် ပေးချေရန်၊ ပေးအပ်ရန်၊ ဆောင်ရွက်ရန်၊ အကျိုး ခံစားခွင့်ပေးရန် ငြင်းဆိုချက်ပါရှိသည် သို့မဟုတ် အဆိုပါဝန်ခံချက်တွင် ခုနှိမ်ရန် တောင်းဆိုချက် ပူးတွဲပါရှိသည် သို့မဟုတ် ယင်းပစ္စည်းဖြစ်စေ၊ အခွင့်အရေးဖြစ်စေ ရထိုက်ခွင့်ရှိသူမှလွဲ၍ တစ်ဦးတစ်ယောက်သောသူအား အဆိုပါ ဝန်ခံချက်ကို ပြုသည်ဖြစ်စေ ဖြစ်သော်လည်း အဆိုပါ ဝန်ခံချက်သည် ဤပုဒ်မအလို့ငှာ လုံလောက် သည်။

**ရှင်းလင်းချက် (၂)။** ဤပုဒ်မအလို့ငှာ "လက်မှတ်ရေးထိုးသည်" ဆိုသည်မှာ ကိုယ်တိုင် ဖြစ်စေ၊ ဤကိစ္စအတွက် နည်းလမ်းတကျ အခွင့်အာဏာ ပေးအပ်ခြင်း ခံရသော ကိုယ်စားလှယ်က ဖြစ်စေ လက်မှတ်ရေးထိုးခြင်းကို ဆိုသည်။

**ရှင်းလင်းချက် (၃)။** ဤပုဒ်မအလို့ငှာ ဒီကရီတစ်ရပ်ရပ် သို့မဟုတ် အမိန့် တစ်ရပ်ရပ်ကို အတည်ပြုရန် လျှောက်ထားမှုသည် အခွင့်အရေးနှင့်စပ်လျဉ်းသည့် လျှောက်ထားမှုတစ်ရပ် ဖြစ်သည်။

**အတိုးငွေပေးချေခြင်း သို့မဟုတ်အရင်းငွေတစ်စိတ်တစ်ဒေသပေးချေခြင်း၏ အကျိုး သက်ရောက်ခြင်း**

၂၀။ (၁) သတ်မှတ်ထားသည့် ကာလအပိုင်းအခြား မကုန်ဆုံးမီ ကြွေးမြီ သို့မဟုတ် သေတမ်းစာအရ ပေးကမ်းခြင်းအတွက် အတိုးငွေကို ပေးဆပ်ရန် တာဝန်ရှိသူက ဖြစ်စေ၊ ဤကိစ္စအလို့ငှာ ထိုသူမှ နည်းလမ်းတကျ အခွင့်အာဏာ ပေးအပ်ခြင်း ခံရသော ကိုယ်စားလှယ်ကဖြစ်စေ ယင်းသို့ ပေးချေသည့် ကိစ္စတွင် သော်လည်း ကောင်း၊ သတ်မှတ်ထားသည့် ကာလစည်းကမ်းသတ် မကုန်ဆုံးမီ ကြွေးမြီ တင်ရှိသည့် ငွေရင်း၏တစ်စိတ်တစ်ဒေသကို မြီစား ဖြစ်စေ၊ ထိုသူက နည်းလမ်း တကျ အခွင့်အာဏာ ပေးအပ်ခြင်းခံရသော ကိုယ်စားလှယ်ကဖြစ်စေ ပေးချေသည့် ကိစ္စတွင်သော်လည်းကောင်း ထို့သို့ ပေးချေသည့်အချိန်မှစ၍ ကာလစည်းကမ်းသတ် အသစ်ကို စတင်ရေတွက်ရမည်။

သို့ရာတွင် ၁၉၂၈ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မတိုင်မီက အတိုး ပေးဆပ်ခဲ့သောကိစ္စမှတစ်ပါး အတိုးပေးဆပ်ကြောင်းကို အတိုးပေးဆပ်သူ ကိုယ်တိုင်က ရေးသား၍ သို့မဟုတ် ပေးဆပ်ကြောင်း ဝန်ခံချက်ကို ထိုသူ ကိုယ်တိုင် လက်မှတ်ရေးထိုး၍ ဝန်ခံချက်ပြုရမည်။

**အပေါင်ခံမြေမှထွက်ရှိသည့်ပစ္စည်းများကိုလက်ခံရရှိခြင်း၏ အကျိုးသက်ရောက်ခြင်း**

(၂) အပေါင်ခံမြေသည် အပေါင်ခံသူ၏ လက်ဝယ်ရှိနေသည့်ကိစ္စတွင် မြေငှားရမ်းခ သို့မဟုတ် အဆိုပါမြေကွက်မှထွက်ရှိသည့်ပစ္စည်းကို လက်ခံရရှိခြင်းသည် ပုဒ်မခွဲ (၁) အလို့ငှာ ပေးချေခြင်း ဖြစ်သည်ဟု မှတ်ယူရမည်။

**ရှင်းလင်းချက်။ "ကြွေးမြီ"** ဆိုရာတွင် တရားရုံး၏ ဒီကရီတစ်ရပ်ရပ် သို့မဟုတ် အမိန့် တစ်ရပ်ရပ်အရ ပေးချေရမည့်ငွေလည်း ပါဝင်သည်။

**မစွမ်းဆောင်နိုင်သူ၏ ကိုယ်စားလှယ်**

၂၁။ (၁) ပုဒ်မ ၁၉ နှင့် ၂၀ တို့တွင် **"ဤကိစ္စအတွက်နည်းလမ်းတကျ လုပ်ပိုင်ခွင့် အပ်နှင်းထားသော ကိုယ်စားလှယ်"** ဆိုသည့်စကားရပ်၌ မစွမ်းဆောင်နိုင်သူနှင့် သက်ဆိုင်သည့်ကိစ္စတွင် ထိုသူ၏ ဥပဒေအရ အုပ်ထိန်းသူ၊ ကော်မတီ သို့မဟုတ် မန်နေဂျာသော်လည်းကောင်း၊ ဝန်ခံချက်ကို လက်မှတ်ရေးထိုးရန်ဖြစ်စေ၊ ပေးဆပ် ရန် ဖြစ်စေ ယင်းအုပ်ထိန်းသူ၊ ကော်မတီ သို့မဟုတ် မန်နေဂျာက နည်းလမ်း တကျလုပ်ပိုင်ခွင့်အပ်နှင်းထားသောကိုယ်စားလှယ်သော်လည်းကောင်း ပါဝင်ရမည်။

ပူးတွဲပဋိညာဉ်ချုပ်ဆိုသူများအနက် တစ်ဦးတစ်ယောက်က ဝန်ခံချက်ပြုခြင်း သို့မဟုတ် ပေးချေ ခြင်း စသည်

(၂) ဖော်ပြခဲ့သောပုဒ်မများတွင် ပါရှိသောအချက်များသည်ပူးတွဲပဋိညာဉ်ချုပ်ဆိုသူများ၊ အစုစပ် ပါဝင်သူများ၊ သေတမ်းစာ အတည်ပြုသူများ သို့မဟုတ် အပေါင်ခံ သူများ အနက်မှ တစ်ဦးဦးကို သော်လည်းကောင်း၊ ထိုသူများအနက် တစ်ဦးဦး သို့မဟုတ် အများ၏ ကိုယ်စားလှယ်ကို သော်လည်းကောင်း ရေးသားဝန်ခံ လက်မှတ်ရေးထိုး သည်ဟူသော အကြောင်းကြောင့်ဖြစ်စေ ပေးချေသည်ဟူသော အကြောင်းကြောင့် ဖြစ်စေ တောင်းခံခွင့် မရှိစေရ။

(၃) ဖော်ပြခဲ့သော ပုဒ်မများအလို့ငှာ -

(က) တာဝန်ရှိခြင်း တစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ မုဆိုးမတစ်ဦးဦးကဖြစ်စေ၊ ဟိန္ဒူ ဥပဒေနှင့် သက်ဆိုင်သော ပစ္စည်းကို အကန့်အသတ်ဖြင့် ပိုင်ဆိုင်သူက ဖြစ်စေ၊ ယင်းတို့က နည်းလမ်း တကျလုပ်ပိုင်ခွင့် အပ်နှင်းထားသော ကိုယ်စားလှယ်ကဖြစ်စေ ပြုလုပ်သော လက်မှတ်ရေးထိုးဝန်ခံချက် တစ်ရပ် သို့မဟုတ် ပေးချေခြင်းတစ်ရပ်သည် အဆိုပါတာဝန်ကို ဆက်ခံသောပစ္စည်း ပြန်လည် ခံစားရသူအတွက် အမှုကိစ္စအလိုက် တရားဝင် ဝန်ခံချက်တစ်ရပ် သို့မဟုတ် ပေးချေခြင်း တစ်ရပ် ဖြစ်သည်။

(ခ) တာဝန်ရှိမှုတစ်ရပ်ကို ဆိုခဲ့သည့်အတိုင်း ပစ္စည်းမခွဲဝေရသေးသည့် ဟိန္ဒူ မိသားစုက ဖြစ်စေ၊ ယင်းမိသားစုကိုယ်စားဖြစ်စေ ဆောင်ရွက် ရသော ကိစ္စတွင် ထိုအချိန်က အိမ်ထောင်စု၏ စီမံခန့်ခွဲသူ သို့မဟုတ် ယင်းစီမံ ခန့်ခွဲသူက နည်းလမ်းတကျ လုပ်ပိုင်ခွင့်အပ်နှင်းထားသော ကိုယ်စားလှယ်က ပြုလုပ်သော ဝန်ခံချက်တစ်ရပ် သို့မဟုတ် ပေးချေခြင်းသည် မိသားစု တစ်စုလုံး ကိုယ်စားပြုလုပ်ခြင်း ဖြစ်သည်ဟု မှတ်ယူရမည်။

**တရားလိုအသစ်သို့မဟုတ် တရားပြိုင်အသစ် အစားထိုးခြင်းသို့မဟုတ် ဖြည့်စွက်ခြင်း၏ အကျိုးသက်ရောက်ခြင်း**

၂၂။ (၁) တရားမကြီးမှု စွဲဆိုပြီးနောက် တရားလိုအသစ် သို့မဟုတ် တရားပြိုင်အသစ်ကို အစားထိုးခြင်း သို့မဟုတ် ဖြည့်စွက်ခြင်းပြုသည့်ကိစ္စတွင် ထိုသူအား အမှုသည် အဖြစ် ပါဝင်စေသည့်အချိန်၌ ထိုသူနှင့် စပ်လျဉ်း၍ တရားမကြီးမှုကို စွဲဆိုပြီး ဖြစ်သည်ဟု မှတ်ယူရမည်။

(၂) ပုဒ်မခွဲ(၁)တွင် ပါရှိသည့်ပြဋ္ဌာန်းချက်သည် တရားမကြီးမှု မပြီးပြတ်သေးမီ ကာလအတွင်း အကျိုးခံစားခွင့် လွှဲအပ်ခြင်းတစ်ရပ်ရပ် သို့မဟုတ် ဆက်ခံရရှိခြင်း တစ်ရပ်ရပ် သို့မဟုတ် မည်သည့်အကျိုးအမြတ်တစ်ခုခုကြောင့်မဆို အမှုသည် တစ်ဦးကို ဖြည့်စွက်ခြင်း သို့မဟုတ် အစားထိုးခြင်းပြုသော အမှုတွင်သော် လည်းကောင်း၊ တရားလိုကို တရားပြိုင်အဖြစ် ပြုလုပ်သော သို့မဟုတ် တရားပြိုင်ကို တရားလိုအဖြစ်ပြုလုပ်သော အမှုတွင်သော်လည်းကောင်း သက်ဆိုင်ခြင်း မရှိစေရ။

**ဖောက်ဖျက်မှုများနှင့် မတရားမှုများကို ဆက်လက်ကျူးလွန်ခြင်း**

၂၃။ ။ ပဋိညာဉ်ဖောက်ဖျက်မှုကို ဆက်လက်ကျူးလွန်နေသောကိစ္စနှင့် ပဋိညာဉ်နှင့် မဆိုင်သော မတရားမှုကို ဆက်လက်ကျူးလွန်နေသည့်ကိစ္စတွင် အမှုကိစ္စအလိုက် ဖောက်ဖျက်မှု သို့မဟုတ် မတရားမှု ဆက်လက် ဖြစ်ပေါ်နေသည့် အချိန်တိုင်းမှစ၍ စည်းကမ်းသတ်ကာလကို အသစ်ရေတွက်ရမည်။

**အထူးနစ်နာဆုံးရှုံးခြင်းမရှိပါကတရားစွဲဆိုခြင်းမပြုနိုင်သောပြုလုပ်မှုအတွက် လျော်ကြေး ရလိုသော တရားမကြီးမှု**

၂၄။ ။ ဤကိစ္စမှ သီးခြားထိခိုက်နစ်နာမှုတစ်ခုခု အမှန်တကယ်ဖြစ်ပေါ်လာခြင်း မရှိလျှင် တရားစွဲဆိုရန် အမှုဖြစ်အကြောင်းအရာ မပေါ်ပေါက်နိုင်သော ပြုလုပ်မှု တစ်ရပ်အတွက် လျော်ကြေးရလိုကြောင်း စွဲဆိုသော တရားမကြီးမှုတွင် ထိခိုက် နစ်နာခြင်းဖြစ်ပေါ်သည့်အချိန်မှစ၍ စည်းကမ်းသတ်ကာလကို ရေတွက်ရမည်။

**ဥပမာ။**

လယ်အပေါ်ယံမြေကို A ပိုင်သည်။ အောက်မြေဆီလွှာကို B ပိုင်သည်။ အပေါ်ယံမြေကို ရုတ်တရက် အထင်အရှား တစ်စုံတစ်ရာ ထိခိုက် နစ်နာခြင်း မဖြစ်စေဘဲ B သည် အောက်မြေဆီလွှာမှ ကျောက်မီးသွေးကို တူးဖော်၏။ သို့သော်လည်း နောက်ဆုံး၌ အပေါ်ယံမြေလွှာသည် နိမ့်ကျသွား၏။ B အား A က စွဲဆိုမည့်တရားမကြီးမှုတွင် စည်းကမ်းသတ်ကာလကို မြေနိမ့်ကျသည့် အချိန်မှစ၍ ရေတွက်ရမည်။

**စာချုပ်စာတမ်းများတွင် ဖော်ပြထားသည့်အချိန် ကာလကို ရေတွက်ခြင်း**

၂၅။ ။ ဤအက်ဥပဒေအလို့ငှာ စာချုပ်စာတမ်းအရပ်ရပ်သည် အပြည်ပြည်ဆိုင်ရာ ပြက္ခဒိန် ကို ရည်ညွှန်း၍ ချုပ်ဆိုသည်ဟု မှတ်ယူရမည်။

**ဥပမာများ။**

(က) ဟိန္ဒူလူမျိုးတစ်ဦးသည် မိမိတို့လူမျိုးဘာသာစကားအလိုက် အသုံးပြုသော ရက်စွဲသာတပ်ထား၍ ထိုရက်စွဲ၏နောက်မှလေးလအကြာတွင် ပေးဆပ်ရန် ဖော်ပြထားသော ငွေပေး ကတိစာချုပ်ကို ချုပ်ဆိုသည်။ ထိုငွေပေး ကတိစာချုပ်အရ စွဲဆိုသော တရားမကြီးမှုတွင် အသုံးပြုမည့် စည်းကမ်းသတ် ကာလကို အပြည်ပြည်ဆိုင်ရာပြက္ခဒိန်နှင့်အညီ တွက်ချက်ကာ အဆိုပါ ရက်စွဲ၏နောက်မှ လေးလကုန်ဆုံးသည့် အချိန်မှစ၍ ရေတွက်ရမည်။

(ခ) ဟိန္ဒူလူမျိုးတစ်ဦးသည် မိမိတို့လူမျိုးဘာသာစကားအလိုက် အသုံးပြုသော ရက်စွဲသာ တပ်ထားသည့် တစ်နှစ်အတွင်းငွေကို ပြန်လည်ပေးဆပ်ရန် ခံဝန်ကတိစာချုပ်တစ်ခုကို ကတိပြု ချုပ်ဆိုသည်။ ထိုခံဝန်ကတိစာချုပ်အတွက် စွဲဆိုသော တရားမကြီးမှုတွင် အသုံးပြုမည့် စည်းကမ်းသတ် ကာလကို အပြည်ပြည် ဆိုင်ရာ ပြက္ခဒိန်နှင့်အညီ တွက်ချက်ကာ အဆိုပါ ရက်စွဲ၏နောက်မှ တစ်နှစ် ကုန်ဆုံးသည့် အချိန်မှစ၍ ရေတွက်ရမည်။

## အပိုင်း ၄

## လက်ဝယ်ရှိခြင်းဖြင့် ပိုင်ဆိုင်မှုရရှိခြင်း

**သုံးစွဲခွင့်ရရှိခြင်း**

၂၆။ (၁) မည်သည့်အဆောက်အဦအတွက်မဆို အလင်းရောင် သို့မဟုတ် လေ၏အဝင်အထွက် နှင့် သုံးစွဲခွင့်ကို သုံးစွဲခွင့်အနေဖြင့်လည်းကောင်း၊ အခွင့်အရေးအနေဖြင့် လည်းကောင်း နှစ်ပေါင်းနှစ်ဆယ် အဆက်မပြတ် အနှောင့်အယှက်မရှိဘဲ ခံစား ခဲ့ရသောကိစ္စ၊

ထို့ပြင်မည်သည့်လမ်းကြောင်းကိုမဆို သို့မဟုတ် ရေစီးကြောင်းကိုမဆို သို့မဟုတ် ရေသုံးစွဲခြင်းကိုမဆို သို့မဟုတ် အခြားရယူပိုင်ဆိုင်သော သို့မဟုတ် တားမြစ်ပိုင်သော သုံးစွဲခြင်းကိုမဆို သုံးစွဲခွင့် အနေဖြင့်လည်းကောင်း၊ အခွင့်အရေး အနေဖြင့်လည်းကောင်း ပိုင်ဆိုင်ခွင့်ရှိသည်ဟု တောင်းဆိုသော သူတစ်ဦးဦးက နှစ်ပေါင်း နှစ်ဆယ်အဆက်မပြတ် အနှောင့်အယှက်မရှိ အေးချမ်းစွာ အထင်အရှား ခံစားခဲ့ရသည့်ကိစ္စ၊

အဆိုပါ အလင်းရောင် သို့မဟုတ် လေ၊ လမ်းကြောင်း၊ ရေစီးကြောင်းတို့၏ အဝင်အထွက်နှင့်သုံးစွဲခွင့်၊ ရေသုံးစွဲခွင့် သို့မဟုတ် အခြားသုံးစွဲခွင့်တို့ကို ခံစားရန် အခွင့်အရေးသည် အကြွင်းမဲ့ဖြစ်သည့်အပြင် ပျက်ပြားခြင်းမရှိသော အခွင့်အရေး ဖြစ်သည်။

အဆိုပါ အနှစ်နှစ်ဆယ် ကာလအပိုင်းအခြားဆိုသည်မှာ သုံးစွဲခွင့်ကို အထင်အရှားဖြစ်စေရန် တရားစွဲဆိုသော တရားမကြီးမှု၌ ထိုသုံးစွဲခွင့်ကို တစ်ဦး တစ်ယောက်သောသူက ငြင်းဆိုသောနေ့မှစ၍ နှစ်နှစ်အတွင်းသို့ ဝင်လာသည့် အနှစ်နှစ်ဆယ်ကာလအပိုင်းအခြားကို ဆိုလိုသည်ဟု မှတ်ယူရမည်။

(၂) ပုဒ်မခွဲ (၁)အရ သုံးစွဲခွင့်ရရန်တောင်းဆိုခြင်းခံရသည့်ပစ္စည်းသည် အစိုးရပိုင်ပစ္စည်း ဖြစ်သောကိစ္စ၌ ထိုပုဒ်မခွဲပါ "နှစ်ပေါင်းနှစ်ဆယ်" ဆိုသည့်စကားရပ်အစား "နှစ်ပေါင်းခြောက်ဆယ်" ဆိုသည့် စကားရပ်ကို အစားထိုးဖတ်ရှုရမည်။

**ရှင်းလင်းချက်။** သုံးစွဲခွင့်တောင်းဆိုသူ မဟုတ်သည့် အခြားသူ တစ်ဦးတစ်ယောက်၏ ပြုလုပ်မှုဖြင့် တားဆီးခြင်းကြောင့် လက်ရှိဖြစ်ခြင်း သို့မဟုတ် အကျိုးခံစားခြင်းသည် အမှန်တကယ် ရပ်စဲခြင်း မဖြစ်လျှင်လည်းကောင်း၊ ထိုသို့တားဆီးခြင်းကို တောင်းဆိုသူက သိရှိသည့်အပြင် တားဆီးခြင်းကို ပြုသောသူ သို့မဟုတ် အလားတူပြုလုပ်စေရန် ခွင့်ပြုသော သူကိုလည်း သိရှိပြီးနောက် တစ်နှစ်လုံးလုံး တားဆီးခြင်းကိုခံနေရခြင်း သို့မဟုတ် လက်ခံခွင့်ပြုခြင်းမရှိလျှင်လည်းကောင်း မည်သည့်အရာကိုမျှ ဤပုဒ်မအရ အဆက်ပြတ် သည်ဟု မမှတ်ယူရ။

**ဥပမာများ။**

(က) လမ်းအသုံးပြုပိုင်ခွင့်ကို တားဆီးသည့်အတွက် ၁၉၁၁ ခုနှစ်တွင် တရားမကြီးမှု စွဲဆိုသည်။ တရားပြိုင်က မိမိတားဆီးကြောင်းဝန်ခံသည်။ သို့ရာတွင် လမ်း အသုံးပြုပိုင်ခွင့်ရှိသည်ဟူသော အချက်ကိုမူ ငြင်းဆိုသည်။ တရားလိုက အခွင့်အရေး အနေဖြင့် လည်းကောင်း၊ သုံးစွဲခွင့်အနေဖြင့် လည်းကောင်း ပိုင်ဆိုင်ခွင့်ကို တောင်းဆိုလျက် မိမိသွားလာနေထိုင်သည့် လမ်းကို ၁၈၉၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှ ၁၉၁၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့အထိ အဆက်မပြတ် အနှောင့် အယှက်မရှိ အေးချမ်းစွာအထင်အရှားခံစားခဲ့ကြောင်း သက်သေအထင်အရှား ပြသည်။ တရားလိုသည် အမှုတွင် အနိုင်ရခွင့် ရှိသည်။

(ခ) အလားတူ တရားမမှုခင်းတစ်ခုတွင် အသုံးပြုပိုင်ခွင့်ကို အနှောင့်အယှက်မရှိ အေးချမ်းစွာ အထင်အရှား နှစ်ပေါင်းနှစ်ဆယ် ခံစားခဲ့ကြောင်း တရားလိုက ပြဆိုသည်။ တရားပြိုင်က တရားလိုသည် နှစ်ပေါင်းနှစ်ဆယ်အတွင်း၌ အသုံးပြု ပိုင်ခွင့်ကိုခံစားရန် မိမိထံမှတစ်ကြိမ် အခွင့်တောင်းဆိုဖူးကြောင်း ကို သက်သေ ထင်ရှားပြဆိုသည်။ ထိုတရားမကြီးမှုကို ပလပ်ရမည်။

**သုံးစွဲခံစားခွင့်ရှိသောပစ္စည်းနှင့်စပ်လျဉ်း၍ပစ္စည်းကိုပြန်လည်ခံစားရသူအတွက်ကို ချန်လှပ်ခြင်း**

၂၇။ သုံးစွဲခံစားခွင့် သို့မဟုတ် ရယူခံစားခွင့်ရှိသော မြေကိုဖြစ်စေ၊ ရေကိုဖြစ်စေ၊ တစ်သက်တာ အကျိုးကျေးဇူးအတွက်သော်လည်းကောင်း၊ ထိုမြေ သို့မဟုတ် ရေ တစ်ခုခုကို လွှဲပြောင်းသည့်နေ့မှစ၍ သုံးနှစ်ထက်မပိုသော ကာလအတွက်သော်လည်းကောင်း လက်ရှိဖြစ်ခဲ့ရသောကိစ္စ၌ အကယ်၍ ထိုအကျိုးကျေးဇူး သို့မဟုတ် ထိုကာလ ကုန်ဆုံးပြီးနောက် သုံးနှစ်အတွင်းတွင် အဆိုပါမြေကိုဖြစ်စေ၊ ရေကိုဖြစ်စေ ပိုင်ဆိုင်ခွင့်ရှိသူက တစ်ဦးတစ်ယောက်သောသူ၏ တောင်းဆိုချက်ကို ငြင်းဆို ကန့်ကွက်ခဲ့သော် ထိုအကျိုးကျေးဇူး သို့မဟုတ် ထိုကာလ ဆက်လက်တည်ရှိ နေသည့်အတွင်း အဆိုပါသုံးစွဲခွင့် ခံစားရသော ကာလအပိုင်းအခြားကို အနှစ် နှစ်ဆယ်ကာလအပိုင်းအခြားကို ရေတွက်ရာ၌ ထည့်သွင်းရေတွက်ခြင်းမပြုရ။

**ဥပမာ။**

A က B ၏မြေကို ဖြတ်သန်း၍ သွားလာခွင့်ရထိုက်ကြောင်း မြွက်ဟကြေညာပေးစေလိုမှုအတွက် တရားစွဲဆိုသည်။ A က ထိုသွားလာ ခွင့်ကို နှစ်ဆယ့်ငါးနှစ်ကာလ တိုင်တိုင်ခံစားခဲ့ကြောင်း သက်သေ အထင်အရှား ပြသည်။ သို့ရာတွင် B က အဆိုပါ နှစ်ဆယ့်ငါးနှစ်အနက် ဆယ်နှစ် အတွင်းတွင် ဟိန္ဒူ လူမျိုးမုဆိုးမ C သည် ထိုမြေ၌ တစ်သက်တာ အကျိုးကျေးဇူး ခံစားခွင့် ရရှိခဲ့ကြောင်း၊ C သေဆုံးသည့်အခါ၌ မိမိမှာပိုင်ဆိုင်ခွင့် ရှိလာကြောင်း၊ C သေဆုံးပြီးသည့် နောက်နှစ်နှစ်အတွင်းတွင် A က ဆိုင်ရာဆိုင်ခွင့် ရှိသည်ဟု တောင်းဆိုသည့်အချက်ကို မိမိကငြင်းဆိုကန့်ကွက်ခဲ့ကြောင်း

သက်သေ ပြသည်။ ဤပုဒ်မပါ ပြဋ္ဌာန်းချက်များအရဖြစ်လျှင် A သည် ဆယ့်ငါးနှစ်မျှ အကျိုးခံစား ခဲ့ကြောင်းသာလျှင် ပြဆိုသဖြင့် ထိုတရားမကြီးမှုကို ပလပ်ရမည်။

**ပစ္စည်းအပေါ်အခွင့်အရေးကို ဆုံးခန်းတိုင်စေခြင်း**

၂၈။ ပစ္စည်းလက်ဝယ်ရရှိလိုကြောင်း တရားမကြီးမှုစွဲဆိုခြင်းအတွက် တစ်ဦးတစ်ယောက်ကို ဥပဒေအရ ကန့်သတ်ထားသည့် ကာလအပိုင်းအခြား ကုန်ဆုံးသောအခါတွင် အဆိုပါ ပစ္စည်းအပေါ် အခွင့်အရေးသည် ဆုံးခန်းတိုင် စေရမည်။

## အပိုင်း ၅

## ခြွင်းချက်များ

**ခြွင်းချက်များ**

၂၉။ (၁) ဤအက်ဥပဒေပါမည်သည့်အချက်ကမျှ ပဋိညာဉ်အက်ဥပဒေပုဒ်မ ၂၅ ကို မထိခိုက်စေရ။

(၂) တရားမကြီးမှု၊ အယူခံမှု သို့မဟုတ် လျှောက်ထားမှုတစ်ခုခုအတွက် ပထမ ဇယားတွင် သတ်မှတ်ဖော်ပြထားသည့်ကာလ အပိုင်းအခြားနှင့် ကွဲလွဲနေသည့် စည်းကမ်းသတ်ကာလကို အထူးဥပဒေ၌သော်လည်းကောင်း၊ ဒေသန္တရဥပဒေ၌ သော်လည်းကောင်း ပြဋ္ဌာန်းထားရှိသည့်ကိစ္စတွင် စည်းကမ်းသတ်ကာလကို ထိုဥပဒေပါ အမှုတစ်ခုခုအတွက် ဤဥပဒေ၏ ပထမဇယားတွင် သတ်မှတ် ဖော်ပြထားဘိသကဲ့သို့ ပုဒ်မ ၃ ပါ ပြဋ္ဌာန်းချက်များကို လိုက်နာရမည်။ ထို့ပြင် တရားမကြီးမှု၊ အယူခံမှု၊ လျှောက်ထားမှုတစ်ခုခုအတွက် အထူးဥပဒေ၌ သော်လည်းကောင်း၊ ဒေသန္တရဥပဒေ၌သော်လည်းကောင်း ပြဋ္ဌာန်းထားသော စည်းကမ်းသတ်ကာလကို ဆုံးဖြတ်ရန်အလို့ငှာ-

(က) ဆိုခဲ့သည့် အထူးဥပဒေ၌ သော်လည်းကောင်း၊ ဒေသန္တရဥပဒေ၌ သော်လည်းကောင်း အတိအလင်းချန်လှပ်ခြင်း မရှိလျှင် ပုဒ်မ ၄၊ ပုဒ်မ ၉ မှ ၁၈ အထိနှင့် ပုဒ်မ ၂၂ တို့တွင် ပါရှိသော ပြဋ္ဌာန်းချက်များကို ချန်လှပ်ခြင်း မရှိသည် အထိသာ တတ်နိုင်သမျှ လိုက်နာရမည်။

(ခ) ဤအက်ဥပဒေပါ ကျန်ပြဋ္ဌာန်းချက်များကို လိုက်နာခြင်းမပြုရ။

(၃) ဤအက်ဥပဒေပါအချက်များသည် မြန်မာနိုင်ငံ လင်မယားကွာရှင်းပြတ်စဲခြင်း အက်ဥပဒေအရ စွဲဆိုသော တရားမကြီးမှုများနှင့် သက်ဆိုင်ခြင်း မရှိစေရ။

## Footnote

ပုဒ်မ ၁= ဥပဒေအမှတ် ၃၆/၂၀၁၄ အရ အစားထိုးသည်။

ပုဒ်မ ၅ ရှင်းလင်းချက် အပိုဒ်၏ ခရိုင်တရားရုံး=ဥပဒေအမှတ် ၃၆/၂၀၁၄ အရ အစားထိုးသည်။

ပုဒ်မ ၁၁၊ ပုဒ်မခွဲ(၁)နှင့် (၂)တို့၏ မြန်မာနိုင်ငံတော်= ၁၉၈၉ ခုနှစ်၊ စကားရပ်များအစားထိုးသည့်ဥပဒေအရ ပြင်ဆင်သည်။

ပုဒ်မ ၁၃=၁၉၄၈ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ(ဥပဒေများ၏စကားရပ်အစားထိုးခြင်း)အမိန့်အရ အစားထိုးသည်။

[ ပူးတွဲဖော်ပြသော စာရင်း 1 ] 01 ပထမဇယား။ ပုဒ်မ ၃ ကို ကြည့်ပါ ပထမကဏ္ဍ။။တရားမကြီးမှုများ

[ ပူးတွဲဖော်ပြသော စာရင်း 2 ] 02 ပထမဇယား။။အဆက် ဒုတိယကဏ္ဍ။။ အယူခံမှုများ

[ ပူးတွဲဖော်ပြသော စာရင်း 3 ] 03 ပထမဇယား။။အဆက် တတိယကဏ္ဍ။ ။ လျှောက်ထားမှုများ